# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန နှင့် Myint & Associates Telecommunications Ltd. တို့ ပူးပေါင်း၍ e-GIDC အလုပ်ရုံဆွေးနွေးပွဲကျင်းပ

၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၅ ရက်၊ နေပြည်တော် – ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ၏ Data Center ကဏ္ဍတွင် တက်ကြွစွာဦးဆောင် လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီ တစ်ခုဖြစ်သည့် Myint & Associates Telecommunications Ltd., တို့ပူးပေါင်း၍ Establishment of Enabling Environment for e-Government through Integrated Data Centers (e-GIDC) အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံး အမှတ် (၂) တွင် ယနေ့ကျင်းပပြုလုပ်ခဲ့သည်။



ထိုအလုပ်ရုံဆွေးနွေးပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ အမြဲတန်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများတက်ရောက်ခဲ့ပြီး သတင်းအချက်အလက်နှင့် ဆိုက်ဘာလုံခြုံရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုင်းစောလင်းထွန်းက အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ယင်းနောက် MPRL E&P Group of Companies မှ Executive Director ဦးတင့်ဆွေက နှုတ်ခွန်းဆက် အမှာစကားပြောကြားခဲ့ပါသည်။ ဆက်လက်၍ e-Government Department ၏ ညွှန်ကြားရေးမှူး ဒေါ်နွယ်နီစိုးရင်မှ e-Government Master Plan (2014-2016) နှင့် e-GIDC Project အကြောင်းတို့ကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် M&A Telecoms မှ ကျွမ်းကျင်ပညာရှင်များက Transforming ICT Infrastructure and Implementing Infrastructure Management, Virtualization, Cloud Computing, Business Continuity and Disaster Recovery အကြောင်းအရာများနှင့် ပတ်သက်သည့် ဗဟုသုတအဖြာဖြာကိုလည်းကောင်း၊ Data Center Infrastructure နှင့် Tier အဆင့်သတ်မှတ်ချက်များ Data Center တစ်ခုတွင် ပါဝင်သင့်သည့် အချက်များ၊ Data Center တစ်ခုဆောက်လုပ်ခြင်းနှင့် Co-Location ငှားရမ်းခြင်းအပေါ် သုံးသပ်ချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။





ထို့နောက် အမေးအဖြေကဏ္ဍတွင် တက်ရောက်လာသူများထဲမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနတို့မှ ကိုယ်စားလှယ်များက သိရှိလိုသည်များကို ရှင်းနိုးပွင့်လင်းစွာ ဆွေးနွေး မေးမြန်းခဲ့ကြပါသည်။



Establishment of Enabling Environment for e-Government through Integrated Data Centers (e-GIDC) အလုပ်ရုံဆွေးနွေးပွဲ၏ ပိတ်ပွဲနှုတ်ဆက်စကားကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချစ်ဝေမှပြောကြားပေးပြီး (၁၅:၃၀) နာရီတွင် အောင်မြင်စွာ ပိတ်သိမ်းခဲ့ပါသည်။

တစ်ရက်ကြာကျင်းပပြုလုပ်ခဲ့သည့် အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ အစိုးရဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ဌာနဆိုင်ရာအရာရှိများ၊ Chief Information Officer (CIO) များနှင့် Moon Engineering Co., Ltd. ကိုယ်စားလှယ်များ နှင့် M&A Telecoms မှ တာဝန်ရှိသူများ အပါအဝင် စုစုပေါင်း ( ၁၅၀ )ဦး တက်ရောက် ဆွေးနွေးခဲ့ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မီဒီယာများ မေးမြန်းလိုပါက

**ဦးတင့်ဆွေ**

Executive Director
Government & Public Affairs
MPRL E&P Group of Companies

Email: tint.swe@mprlexp.com
Tel : +95 1 230 7733